# သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံက ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်ဖောက်ခွဲမှုအပေါ် အထူးပင်စိုးရိမ်မကင်းဖြစ်ကြောင်း ထုတ်ဖော်ပါသည်။

အဆိုပါစမ်းသပ်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သက်ဆိုင်ရာဆုံးဖြတ်ချက်များကို ချိုးဖောက်ခြင်း ဖြစ်သည့်အပြင် အပြည်ပြည်ဆိုင်ရာလက်နက်မပြန့်ပွားရေးကို ထိခိုက်စေပြီး၊ ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုကို မြင့်တက်စေပါသည်။

မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးနှင့် လူအများအပြားသေကြေစေသောလက်နက်များ မပြန့်ပွားရေးတို့ကို အထူးပင်အလေးထားပါသည်။ နျူကလီးယားလက်နက်ပြန့်ပွားမှုတားဆီးရေးကို ရည်ရွယ်သည့် အရှေ့တောင်အာရှနျူကလီးယားလက်နက်ကင်းမဲ့ရေးဇုံစာချုပ်၏ စာချုပ်ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်ကင်းစင်သည့်ကမ္ဘာ ဖြစ်ပေါ်လာရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ သို့ဖြစ်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သက်ဆိုင်ရာဆုံးဖြတ်ချက်များကို လိုက်နာရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံအား တိုက်တွန်းပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန<br>
နေပြည်တော်<br>
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်